IOWNnet အထူးငွေပြန်အမ်း (Cashback) အထူးအကျိုးခံစားခွင့် အသေးစိတ်

【အထူးအကျိုးခံစားခွင့် အကျဉ်းချုပ်】

အများဆုံး ၁၀,၀၀၀ ယန်းအထိ Cashback (ဘဏ်အကောင့်သို့ ငွေလွှဲပေးခြင်း) ရရှိနိုင်ပါသည်။

【သက်ဆိုင်သည့် ဝန်ဆောင်မှုများ】

- IOWNet High Speed
- IOWNet XG

【သက်ဆိုင်သည့်ကာလ】

၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍

※ ဤအထူးအကျိုးခံစားခွင့်၏ အကြောင်းအရာများကို ကြိုတင်အသိပေးခြင်းမရှိဘဲ ပြောင်းလဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်း ပြုလုပ်နိုင်ပါသည်။
ထို့ကြောင့် လျှောက်ထားခြင်းမပြုမီ နောက်ဆုံးအချက်အလက်များကို သေချာစွာ စစ်ဆေးပေးပါ။

【အထူးအကျိုးခံစားခွင့် အကြောင်းအရာ】

(၁) တပ်ဆင်ဖွင့်လှစ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်လကို ပထမလအဖြစ် သတ်မှတ်ပြီး ၁၃ လအကြာပြီး နောက်ဆုံးရက်တွင် သတ်မှတ်ထားသော ဘဏ်အကောင့်သို့ ၁၀,၀၀၀ ယန်း Cashback ငွေပြန်အမ်းပေးမည် ဖြစ်ပါသည်။

【အထူးအကျိုးခံစားခွင့် ရရှိနိုင်သူများ】

(၁) သတ်မှတ်ထားသောကာလအတွင်း 「IOWNet High Speed」 သို့မဟုတ် 「IOWNet XG」 တစ်ခုခု ကို လျှောက်ထားခြင်း ပြီးဆုံးထားသူ ဖြစ်ရပါမည်။

(၂) (၁) တွင် လျှောက်ထားသည့်အချိန်၌ 「Net Protection」 (ပထမလ အခမဲ့၊ ပုံမှန်လစဉ်ကြေး ၂,၂၀၀ ယန်း) ကိုလည်း လျှောက်ထားထားရပါမည်။

(၃) လျှောက်ထားထားသော သတ်မှတ်ဝန်ဆောင်မှုအတွက် တပ်ဆင်ဖွင့်လှစ်မည့်ရက်မတိုင်မီ တစ်ပတ် အလိုတွင် Credit Card သို့မဟုတ် ဘဏ်အကောင့်မှ အလိုအလျောက် ငွေဖြတ်တောက်ခြင်းဖြင့် လစဉ် ပေးချေရန် စာရင်းသွင်းခြင်းကို ပြီးဆုံးထားရပါမည်။

(၄) သတ်မှတ်ဝန်ဆောင်မှုကို လျှောက်ထားသည့်နေ့အပါအဝင် ရက်ပေါင်း ၁၅၀ အတွင်း တပ်ဆင်ဖွင့် လှစ်ခြင်းလုပ်ငန်း ပြီးဆုံးထားရပါမည်။

(၅) အထူးအကျိုးခံစားခွင့်အတွက် သတ်မှတ်ထားသော လျှောက်ထားရမည့်ကာလအတွင်း အတည်ပြု လျှောက်ထားမှုကို ပြုလုပ်ပြီးထားရပါမည်။

(၆) ထို့အပြင် ဤ Campaign ကို အသုံးပြုခွင့်ပေးရန် မသင့်လျော်ဟု ကုမ္ပဏီဘက်မှ ဆုံးဖြတ်ရမည့် အခြားအကြောင်းအရင်းများ မရှိရပါ။

【အထူးအကျိုးခံစားခွင့် အကြောင်းအရာ (အသုံးပြုနိုင်ရန် လုပ်ဆောင်ရမည့်နည်းလမ်း)】

(၁) သတ်မှတ်ထားသောကာလအတွင်း သတ်မှတ်ဝန်ဆောင်မှုများထဲမှ တစ်ခုခုကို အသစ်လျှောက်ထားရ ပါမည်။

(၂) လျှောက်ထားသည့်နေ့အပါအဝင် ရက်ပေါင်း ၁၅၀ အတွင်း တပ်ဆင်ဖွင့်လှစ်ခြင်းလုပ်ငန်းကို ပြီးဆုံး ရပါမည်။

(၃) Campaign အမျိုးမျိုးအတွက် ပေးပို့ထားသော အီးမေးလ်ရှိ (သတ်မှတ်အရည်အချင်းပြည့်မီသူ) တွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည်။

(၄) အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အထူးအကျိုးခံစားခွင့် ရရှိနိုင်သူ ဖြစ်ပါက သတ်မှတ်ထားသော အထူးအကျိုးခံစားခွင့်ကို အသုံးပြုခွင့်ပေးမည် ဖြစ်ပါသည်။

【အထူးအကျိုးခံစားခွင့် အသုံးပြုရာတွင် သတိပြုရန်အချက်များ】

(၁) လျှောက်ထားမှုကို အကြိမ်များစွာ ပြုလုပ်ထားပါက ပထမဆုံးပြုလုပ်ထားသော လျှောက်ထားမှုကိုသာ အကဲဖြတ်သည်ဟု သတ်မှတ်မည် ဖြစ်ပါသည်။

(၂) စာတိုက်မှတစ်ဆင့် သို့မဟုတ် ဖုန်းဖြင့် လျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

(၃) ယခင်က IOWNet ၏ မည်သည့်ဝန်ဆောင်မှုမဆို အသုံးပြုခဲ့ပြီး မပေးချေရသေးသော ငွေကျန်ရှိသူများသည် ဤအထူးအကျိုးခံစားခွင့်ကို ရရှိနိုင်မည်မဟုတ်ပါ။

(၄) အထူးအကျိုးခံစားခွင့် (၁) နှင့် (၂) အတွက် လျှောက်ထားရမည့်ကာလများသည် မတူညီပါ။ (၁) တွင် ဖော်ပြထားသည့်အတိုင်း အထူးအကျိုးခံစားခွင့် အသုံးပြုခွင့်ရှိ/မရှိကို စစ်ဆေးမည်ဖြစ်သောကြောင့် (လျှောက်ထားရမည့်ကာလ) ကို မဖြစ်မနေ စစ်ဆေးပြီးနောက် (အတည်ပြုလျှောက်ထားမှု) ကို ပြုလုပ်ပေးပါ။

(၅) သတ်မှတ်ထားသော လျှောက်ထားရမည့်ကာလမှလွဲ၍ လျှောက်ထားမှုကို လက်ခံပေးနိုင်မည်မဟုတ်ပါ။

【လျှောက်ထားရမည့်ကာလ】

အထူးအကျိုးခံစားခွင့် (၁)
တပ်ဆင်ဖွင့်လှစ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်လကို ပထမလ (၀ လမြောက်) အဖြစ် သတ်မှတ်ပြီး ၄ လမြောက်လ၏ တစ်လတာကာလအတွင်း လျှောက်ထားရပါမည်။

အထူးအကျိုးခံစားခွင့် (၂)

တပ်ဆင်ဖွင့်လှစ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်လကို ပထမလ (၁ လမြောက်) အဖြစ် သတ်မှတ်ပြီး ၁၀ လ မြောက်လ၏ တစ်လတာကာလအတွင်း လျှော်ထားရပါမည်။

【ဆက်သွယ်မေးမြန်းရန်】

IOWNet Customer Support
ဖုန်းနံပါတ် : ၀၅၀-၅၄၉၇-၀၂၂၁

ဝန်ဆောင်မှုအချိန် : ၁၀:၀၀ ～ ၁၉:၀၀

※ နှစ်ကုန်နှင့် နှစ်သစ်ကူးကာလမှလွဲ၍ နေ့စဉ် ဝန်ဆောင်မှုပေးပါသည်။